
# ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ

## Democracy and Human Rights Party

## D.H.R.P

### ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း




ဌာနချုပ်လိပ်စာ

အမှတ်( ၂၇/၂၉ )၊ ၅၄-လမ်း၊ ၄-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ Ph : 09 7324 7887,09 500 7348,09 503 6531
E-mail : dhrp63.headquater@gmail.com

# ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ

( DEMOCRACY AND HUMAN RIGHTS PARTY )

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

<u>မာတိကာ</u>


| | | |
|---|---|---|
| အခန်း(၁) | ပါတီ၏ရည်ရွယ်ချက် | ၁ |
| အခန်း(၂) | ပါတီ၏ခံယူချက် | ၂ |
| အခန်း(၃) | ပါတီအမည်၊အလံ၊တံဆိပ် | ၂ |
| | (က) ပါတီအမည်နှင့်ဌာနချုပ်တည်နေရာ | |
| | (ခ) ပါတီအလံ | |
| | (ဂ) ပါတီတံဆိပ် | |
| အခန်း(၄) | ပါတီအဆင့်ဆင့်ဖွဲ့စည်းပုံ နှင့် ပြင်ဆင်ခြင်း | ၄ |
| အခန်း(၅) | ပါတီဝင်အဆင့်ဆင့်လက်ခံခြင်း၊ နှုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း | ၉ |
| အခန်း(၆) | ပါတီ၏လုပ်ငန်းစဉ်များ | ၁၃ |
| အခန်း(၇) | ပါတီ၏ အခြေခံစည်းမျဉ်းကိုပြင်ဆင်ခြင်း ဖြည့်စွက်ခြင်း နှင့် ပယ်ဖျက်ခြင်း | ၁၈ |
| အခန်း(၈) | နိုင်ငံလုံးဆိုင်ရာညီလာခံနှင့် အစည်းအဝေးများ | ၁၉ |
| အခန်း(၉) | အထွေထွေ | ၂၁ |

# ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ
## ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

### အခန်း (၁)

### ပါတီ၏ ရည်ရွယ်ချက်

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party) သည်-

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနှံ့တွင် လူ့အခွင့်အရေးရရှိရေး၊ စစ်မှန်ပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်ရေးနှင့်လူ့အခွင့်အရေးဆုံးရှုံးခံနေရသူများအားကာကွယ်မြှင့်တင်ပေးရေးတို့ကိုဆောင်ရွက်ရန်၊

၂။ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ထိန်းသိမ်းရာတွင် တစ်တပ်တစ်အား ပါဝင်ရန်၊

၃။ နိုင်ငံတော်ရှိတိုင်းရင်းသားလူမျိုးများ၏စည်းလုံးညီညွတ်ရေးနှင့်ချစ်ကြည်ရင်းနှီးမှုခိုင်မြဲရေးအား အစဉ်သဖြင့်တည်တံ့ခိုင်မြဲစေရေးကို ရည်ရွယ်သည့်အပြင် ရခိုင်ပြည်နယ်တွင် မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားညီနောင်အားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ရန်၊

၄။ မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်မျိုးတည်းသာရှိပြီး အားလုံးတန်းတူရည်တူအခွင့်အရေးရရှိနိုင်ရေးကို ရည်ရွယ်သော နိုင်ငံရေးယဉ်ကျေးမှု "a political culture" တစ်ရပ်တည်ဆောက်ရန်၊

၅။ နိုင်ငံတော်ရှိတိုင်းရင်းသားလူနည်းစုအသီးသီးနှင့်ပြည်သူအားလုံး၏ရေရှည်အာမခံချက်ရှိသော နိုင်ငံရေးဖြေရှင်းချက်များ ပေါ်ထွက်လာအောင်ဆောင်ရွက်ရန်။

၆။ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးအမြင်အယူအဆချင်းတူညီသောနိုင်ငံရေးပါတီများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့်-

၇။ မတူကွဲပြားသောနိုင်ငံရေး၊စီးပွားရေးနှင့်လူမှုရေးအမြင်ရှိနိုင်ငံရေးပါတီများ၊တရားဝင်အဖွဲ့အစည်းများအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကိုတည်ဆောက်၍ ဒီမိုကရေစီနိုင်ငံတော်သစ်ကို အတူတကွ ပူးပေါင်းတည်ဆောက်ရန်တို့ကိုရည်ရွယ်သည်။

## အခန်း (၂)

## ပါတီ၏ခံယူချက်

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)သည်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံသားတစ်ရပ်လုံး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့တွင် တန်းတူရည်တူ အခွင့်အရေးများ ရှိစေရမည်ဟုခံယူသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားဥပဒေစိုးမိုးသည့် စစ်မှန်သော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မှသာမကြာသောကာလတွင်ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးဖြစ်လာမည်ဟု ခံယူသည်။

၃။ တိုင်းရင်းသားလူမျိုးစုအရေးကိစ္စများနှင့်လူ့အခွင့်အရေးကိစ္စများကို သက်ဆိုင်သူတို့အားလုံးနှင့်ပူးပေါင်း၍ ဆွေးနွေး၊ ညှိနှိုင်းဖြေရှင်းခြင်းဖြင့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ခံယူသည်။

၄။ မြန်မာပြည်သူပြည်သားများသည် လူမျိုး၊ဘာသာ၊နေရာ၊ ဒေသမရွေး အသားအရောင်ခွဲခြားခြင်းမပြုဘဲ တူညီသောစံ၊တူညီသောဥပဒေများဖြင့်သာ အုပ်ချုပ်ရမည်ဟု ခံယူသည်။

၅။ အကြောင်းအမျိုးမျိုးကြောင့်ပြည်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများနေရပ်ပြန်လာခွင့်ရှိပြီး ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ခွင့်ရရှိစေရမည်ဟု ခံယူသည်။

---

## အခန်း (၃)


## ပါတီ အမည်၊အလံ၊တံဆိပ်

(က) ပါတီ၏ အမည်နှင့်ဌာနချုပ်တည်နေရာ

(ကက) ပါတီ၏ အမည်ကို မြန်မာဘာသာဖြင့် "ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ" အင်္ဂလိပ်ဘာသာဖြင့်**"Democracy and Human Rights Party"**ဟုခေါ်တွင်စေရမည်။ အတိုကောက်အားဖြင့်**(D.H.R.P)**ဟုခေါ်တွင်စေရမည်။

(ခခ) ပါတီဌာနချုပ်ကို အမှတ်( ၂၇ / ၂၉ )၊ ၅၄-လမ်း၊(၄)ရပ်ကွက်၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားပါသည်။

## (က) ပါတီ၏ အလံ



ပါတီ၏အလံမှာ အလျား ၆ ပေ၊အနံ ၃ ပေ ရှိသောအရွယ်အစားတွင် အလံတစ်ခုလုံး အထက်၌ အပြာရောင်၊အလယ်၌ အစိမ်းရောင်၊အောက်ဆုံး၌ အနီရောင်ဖြင့် သုံးပိုင်းခြားထားပါသည်။အလံ၏ဘယ်ဘက်ခြမ်းအလည်တည့်တည့်၌ အဖြူရောင်စက်ဝိုင်းထဲတွင်အပြာရောင်ချိန်ခွင်တစ်ခုရှိပါသည်။

အပြာရောင်သည် တည်ကြည်ခြင်း၊အစိမ်းရောင်သည် ငြိမ်းချမ်းခြင်း၊အနီရောင်သည် ရဲရင့်ခြင်း၊ အဖြူရောင်သည် ဖြူစင်ခြင်းဟူသောအဓိပ္ပါယ်ကိုဆောင်ပါသည်။ စက်ဝိုင်းသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုကိုယ်စားပြုကာ ချိန်ခွင်သည် တရားမျှတခြင်း အဓိပ္ပါယ်ကိုဆောင်ပါသည်။

## (ခ) ပါတီ၏ တံဆိပ်

ပါတီ၏တံဆိပ်မှာ အထက်ဖော်ပြပါပုံစံအတိုင်း အချင်း ၁. ၅လက်မရှိသောအဝိုင်းအရွယ်အစားတွင် အမျိုးသားလူ့အခွင့်အရေး တန်းတူညီတူ တရားမျှတမှုကို ဖော်ဆောင်သော“ ချိန်ခွင် ”ပါရှိကာ အဝိုင်းနှစ်ခုအတွင်း၌ ပါတီအမည်ကို မြန်မာဘာသာဖြင့်လည်းကောင်း၊အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်းဖော်ပြထားပါသည်။

## အခန်း(၄)

## ပါတီအဆင့်ဆင့်ဖွဲ့စည်းပုံနှင့် ပြင်ဆင်ခြင်း

၁။ ဒီမိုကရေစီနှင့်လူ့အခွင့်ရေးပါတီ၏ အဆင့်ဆင့်ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပါတီ၏ နိုင်ငံလုံးဆိုင်ရာညီလာခံကြီး။

(ခ) ဗဟိုနာယကအဖွဲ့

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ

(ဃ) ဗဟိုဦးစီးကော်မတီ

(င) ပြည်နယ်/တိုင်းဒေသကြီး အလုပ်အမှုဆောင်ကော်မတီများ

(စ) ခရိုင်အလုပ်အမှုဆောင်ကော်မတီများ

(ဆ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီများ

(ဇ) ရပ်ကွက်/ကျေးရွာအုပ်စုအလုပ်အမှုဆောင်ကော်မတီများ(သို့မဟုတ်)စည်းရုံးရေးမှူးများ

၂။ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အဖွဲ့ဝင် ( ၁၅ ဦး မှ ၃၇ ဦး) ဖြင့်အောက်ပါအတိုင်း ဖွဲ့စည်းမည်။

(က) ဥက္ကဋ္ဌ
ဒုဥက္ကဋ္ဌ (၁) ၊ ဒုဥက္ကဋ္ဌ (၂) ၊ဒုဥက္ကဋ္ဌ (၃)ဒုဥက္ကဋ္ဌ (၄)

(ခ) အထွေထွေအတွင်းရေးမှူး
အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂)၊
အတွင်းရေးမှူး(၃)၊ အတွင်းရေးမှူး (၄)

(ဂ) ဘဏ္ဍာရေးမှူး
တွဲဘက်ဘဏ္ဍာရေးမှူး (၁)၊ တွဲဘက်ဘဏ္ဍာရေးမှူး (၂)
တွဲဘက်ဘဏ္ဍာရေးမှူး (၃)၊ တွဲဘက်ဘဏ္ဍာရေးမှူး (၄)

(ဃ) စာရင်းစစ်
တွဲဘက်စာရင်းစစ် (၁)၊ တွဲဘက်စာရင်းစစ် (၂)

(င) ပြည်တွင်းပြည်ပဆက်ဆံရေးမှူး
တွဲဘက်ပြည်တွင်းပြည်ပဆက်ဆံရေးမှူး(၁)၊တွဲဘက်ပြည်တွင်းပြည်ပဆက်ဆံရေးမှူး(၂)
တွဲဘက်ပြည်တွင်းပြည်ပဆက်ဆံရေးမှူး(၃)၊တွဲဘက်ပြည်တွင်းပြည်ပဆက်ဆံရေးမှူး(၄)
တွဲဘက်ပြည်တွင်းပြည်ပဆက်ဆံရေးမှူး(၅)

(စ) ဥပဒေအကြံပေး
တွဲဘက်ဥပဒေအကြံပေး (၁) ၊ တွဲဘက်ဥပဒေအကြံပေး (၂)

(ဆ) ပြန်ကြားရေးမှူး
တွဲဘက်ပြန်ကြားရေးမှူး (၁)၊ တွဲဘက်ပြန်ကြားရေးမှူး (၂)၊တွဲဘက်ပြန်ကြားရေးမှူး (၃)
တွဲဘက်ပြန်ကြားရေးမှူး (၄)၊တွဲဘက်ပြန်ကြားရေးမှူး (၅)

(ဇ) စာပေယဉ်ကျေးမှုနှင့် သုတေသနမှူး
တွဲဘက်စာပေယဉ်ကျေးမှုနှင့် သုတေသနမှူး(၁)၊တွဲဘက်စာပေယဉ်ကျေးမှုနှင့် သုတေသနမှူး(၂)
တွဲဘက်စာပေယဉ်ကျေးမှုနှင့် သုတေသနမှူး(၃)၊

(ဈ) စည်းရုံးရေးမှူး
တွဲဘက်စည်းရုံးရေးမှူး(၁)၊တွဲဘက်စည်းရုံးရေးမှူး(၂)၊တွဲဘက်စည်းရုံးရေးမှူး(၃)၊
တွဲဘက်စည်းရုံးရေးမှူး(၄)၊တွဲဘက်စည်းရုံးရေးမှူး(၅)၊တွဲဘက်စည်းရုံးရေးမှူး(၆)၊

(ည) ရေးရာကော်မတီများ

(၁) ဗဟိုအမျိုးသမီးရေးရာကော်မတီတာဝန်ခံ
ဗဟိုအမျိုးသမီးရေးရာတွဲဘက်တာဝန်ခံ
(၂) ဗဟိုလူငယ်ရေးရာကော်မတီတာဝန်ခံ
ဗဟိုလူငယ်ရေးရာကော်မတီတွဲဘက်တာဝန်ခံ
(၃) ပညာရေးနှင့်ကျန်းမာရေး-ရေးရာကော်မတီတာဝန်ခံ
ပညာရေးနှင့်ကျန်းမာရေး-ရေးရာကော်မတီတွဲဘက်တာဝန်ခံ
(၄) ဘဏ္ဍာငွေရှာဖွေရေးကော်မတီတာဝန်ခံ
ဘဏ္ဍာငွေရှာဖွေရေးကော်မတီတွဲဘက်တာဝန်ခံ
(၅) အလုပ်သမားနှင့်တောင်သူလယ်သမားရေးရာကော်မတီတာဝန်ခံ
အလုပ်သမားနှင့်တောင်သူလယ်သမားရေးရာကော်မတီတွဲဘက်တာဝန်ခံ
(၆) စာပေယဉ်ကျေးမှုနှင့်အနုပညာထွန်းကားရေးကော်မတီတာဝန်ခံ
စာပေယဉ်ကျေးမှုနှင့်အနုပညာထွန်းကားရေးကော်မတီတွဲဘက်တာဝန်ခံ
(၇) သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီတာဝန်ခံ
သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီတွဲဘက်တာဝန်ခံ
(၈) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးကော်မတီတာဝန်ခံ
လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးကော်မတီတွဲဘက်တာဝန်ခံ
(၉) စီးပွားရေးကော်မတီတာဝန်ခံ
စီးပွားရေးကော်မတီတွဲဘက်တာဝန်ခံ
(၁၀) လူမှုရေးလုပ်ငန်းများဆောင်ရွက်ရေးကော်မတီတာဝန်ခံ
လူမှုရေးလုပ်ငန်းများဆောင်ရွက်ရေးကော်မတီတွဲဘက်တာဝန်ခံ
(၁၁) စည်းကမ်းထိန်းသိမ်းရေးတာဝန်ခံ
စည်းကမ်းထိန်းသိမ်းရေးရာကော်မတီတွဲဘက်တာဝန်ခံ
(၁၂) စည်းရုံးရေးကော်မတီတာဝန်ခံ
စည်းရုံးရေးကော်မတီတွဲဘက်တာဝန်ခံ

(၃) ဤရေးရာအဖွဲ့များကို အဖွဲ့ဝင်အနည်းဆုံး (၅) ဦးဖြင့် ဖွဲ့စည်းနိုင်သည်။ဤသို့ဖွဲ့စည်းရာတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၂) ဦးကတာဝန်ခံနှင့်တွဲဘက်တာဝန်ခံအဖြစ်ဆောင်ရွက်ရမည်။ ကျန်အဖွဲ့ဝင်များကိုဗဟိုဦးစီးကော်မတီဝင်(သို့မဟုတ်) ပါတီဝင်များမှဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ကရွေးချယ်ပေးရမည်။ထိုအဖွဲ့ဝင်များသည်တာဝန်ခံနှင့်တွဲဘက်တာဝန်ခံအဖြစ်ဆောင်ရွက်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏လုပ်ငန်းကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၏လစ်လပ်နေရာပေါ်ပေါက်ပါကထိုနေရာတွင်ဗဟိုဦးစီးကော်မတီဝင်များကိုဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကအရည်အချင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုကိုအခြေခံ၍ရွေးချယ်ပေးနိုင်သည်။

(၄) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၁)ဦးသည် လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ တာဝန်(၁)ခု မှ(၄)ခုအထိ ယူနိုင်သည်။

(၅) ဗဟိုနာယကအဖွဲ့ကို အဖွဲ့ဝင် (၁၁)ဦးဖြင့် ဖွဲ့စည်းမည်။

(၆) ဗဟိုဦးစီးကော်မတီကို အဖွဲ့ဝင် အများဆုံး(၁၅၀) ဦးဖြင့်ဖွဲ့စည်းမည်။

(၇) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအား ဗဟိုဦးစီးကော်မတီဝင်များမှ ရွေးချယ်ဖွဲ့စည်းမည်။

၈။ ပါတီအဆင့်ဆင့်ဖွဲ့စည်းပုံ ဇယားမှာအောက်ပါအတိုင်းဖြစ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၁၅ဦးမှ ၃၇ ဦး)**

↓

နိုင်ငံလုံးဆိုင်ရာညီလာခံကြီး

↓

ဗဟိုနာယကအဖွဲ့ (၁၁)ဦး

↕

| |
|---|
| ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌ (၄) ဦး |
| အထွေထွေအတွင်းရေးမှူးနှင့်အတွင်းရေးမှူး (၄) ဦး၊ |
| ဘဏ္ဍာရေးမှူးနှင့် တွဲဘက်ဘဏ္ဍာရေးမှူး (၄) ဦး |
| စာရင်းစစ်နှင့် တွဲဘက်စာရင်းစစ် (၂) ဦး |
| ပြည်တွင်း၊ပြည်ပဆက်ဆံရေးမှူးနှင့် တွဲဘက်ပြည်တွင်း၊ပြည်ပဆက်ဆံရေးမှူး (၅) ဦး |
| ဥပဒေအကြံပေး နှင့် တွဲဘက်ဥပဒေအကြံပေး (၂) ဦး |
| ပြန်ကြားရေးမှူး နှင့် တွဲဘက်ပြန်ကြားရေးမှူး (၅) ဦး |
| စာပေယဉ်ကျေးမှုနှင့်သုတေသနမှူး ၊ တွဲဘက်စာပေယဉ်ကျေးမှုနှင့်သုတေသနမှူး(၃)ဦး |
| စည်းရုံးရေးမှူး နှင့်တွဲဘက်စည်းရုံးရေးမှူး(၆)ဦး |
| ရေးရာကော်မတီ(၁၂)အဖွဲ့ ၊ တာဝန်ခံနှင့် တွဲဘက်တာဝန်ခံ(၁)ဦးစီ |

↓

ဗဟိုဦးစီးကော်မတီဝင်အများဆုံး

(၁၅၀)ဦး

၉။ ပါတီ၏ ဥက္ကဋ္ဌသည် ပါတီ၏ ပထမခေါင်းဆောင်ဖြစ်ပြီး ပါတီ၏ ဒုဥက္ကဋ္ဌများအနက်တစ်ဦးဦးသည် ပါတီ၏ ဒုတိယခေါင်းဆောင် ဖြစ်မည်။

၁၀။ ဗဟိုဦးစီးကော်မတီဝင်များအများစုသည်နယ်စုံကိုကိုယ်စားပြုသည့်ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများနှင့် နယ်ကိုယ်စားလှယ်များဖြင့်ပါဝင်လျက်ဖွဲ့စည်းထားခြင်းဖြစ်ရမည်။

မှတ်ချက်။ ။ (၁) အမြဲတမ်းတွင် လက်ရှိဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်က အောက်ခြေပါတီကော်မတီအဆင့်ဆင့်ကို အောက်ခြေပါတီဝင်များနှင့်ညှိနှိုင်း၍ တာဝန်ပေးဖွဲ့စည်းမည်။ ပုံမှန်အခြေအနေဖြစ်လာသောအခါ ပါတီညီလာခံဖြင့် ဒီမိုကရေစီနည်းကျ ကျကျရွေးချယ်တင်မြှောက်မည်။

(၂) စည်းကမ်းထိန်းသိမ်းရေးရာအဖွဲ့၊ ကစုံစမ်းစစ်ဆေးရေးဆိုင်ရာတာဝန်များဆောင်ရွက်ရာတွင် သင့်တော်သည့်ပါတီဝင်တစ်ချို့အားလည်း ပူးတွဲတာဝန်ပေးနိုင်သည်။

## အခန်း (၄) ၊ အပိုဒ်(၁) မှ(၁၀) အတွင်းပါရှိသော အကြောင်းအချက်များကို ပြင်ဆင်ခြင်း။

၁။ အခန်း (၄)၏ အပိုဒ်(၁)မှ(၁၀)အတွင်းပါရှိသောအကြောင်းအချက်များကို ပြင်ဆင်လိုပါက နိုင်ငံလုံးဆိုင်ရာညီလာခံတွင် တက်ရောက်သူဗဟိုဦးစီးကော်မတီဝင် အနည်းဆုံး (၆၅%)၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂။ ပါတီအဆင့်ဆင့်ဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းရန် အရေးပေါ်အခြေအနေ (သို့မဟုတ်) အကြောင်းအရာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အနည်းဆုံး (၆၅%)၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ပြင်ဆင် ဖွဲ့စည်းနိုင်သည်။ ထိုသို့ပြင်ဆင်ဖွဲ့စည်းခြင်းကို အနီးစပ်ဆုံးပါတီ၏ နိုင်ငံလုံးဆိုင်ရာညီလာခံတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

---

## အခန်း(၅)

## ပါတီဝင်အဆင့်ဆင့်လက်ခံခြင်း၊နှုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း

## D.H.R.P ပါတီ၏ ပါတီဝင်အဖြစ်လက်ခံရန် သတ်မှတ်သောအရည်အချင်းများ

၁။ (က)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများ ဖြစ်ကြသောနိုင်ငံသားစိစစ်ရေးကဒ်ပြား၊အမျိုးသားမှတ်ပုံတင်ကဒ်ပြား ၊ဧည့်နိုင်ငံသားကဒ်ပြား၊ နိုင်ငံသားပြုကဒ်ပြား၊ ယာယီသက်သေခံ လက်မှတ်တစ်ခုခုကို ကိုင်ဆောင်သူဖြစ်ရမည်။

(ခ) ပါတီ၏ ပါတီဝင်ပုံစံဖြင့် လျှောက်ထားပြီးသူများကို ပါတီ၏ စည်းမျဉ်းစည်းကမ်း၊ နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေ/နည်းဥပဒေများနှင့်အညီစိစစ်ပြီး လက်ခံမည်။

၂။ ပါတီဝင်များလိုက်နာရန်အောက်ပါစည်းကမ်းချက်များကို ပြဋ္ဌာန်းသည်။

(က)ပါတီ၏ရည်ရွယ်ချက်နှင့်ခံယူချက်များအားလက်ခံ၍စည်းမျဉ်း၊စည်းကမ်းနှင့် ဆုံးဖြတ်ချက်၊ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ)ပါတီဝင်များသည် ဝါဒစွဲ၊ ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ လုံးဝမရှိစေရ။ ပုဂ္ဂိုလ်ရေးအရလည်းကောင်း၊ လူမျိုးရေးအရလည်းကောင်း၊ ဘာသာရေးအရလည်းကောင်း တိုက်ခိုက်မှုလုံးဝမရှိစေရ။

(ဂ)ပါတီမှအခါအားလျော်စွာသတ်မှတ်သောဝင်ကြေး၊လစဉ်ကြေးနှင့် အခြားသတ်မှတ်ကြေးများကိုပေးဆောင်ရမည်။

(ဃ)ပါတီ၏နိုင်ငံရေး ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ စည်းရုံးရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း အဖွဲ့ဝင်များသည် ဘာသာ ရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေးအရတိုက်ခိုက်ပြောဆိုခြင်း၊သွေးထိုးလှုံ့ဆော်ခြင်းများကို ရှောင်ကြဉ်ရမည်။

၃။ အဖွဲ့ဝင်များလိုက်နာရမည်စည်းမျဉ်းစည်းကမ်းများကိုနိုင်ငံလုံးဆိုင်ရာပါတီညီလာခံ(သို့မဟုတ်)ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

## ၄။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (CEC) ဖြစ်ရန် သတ်မှတ်သော အရည်အချင်းများ

(က) ပါတီဝင်ဖြစ်ရမည်။

(ခ) ဥပဒေ၊နည်းဥပဒေနှင့်အညီပါတီဝင်ဖြစ်ရန်သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်သူဖြစ်ရမည်။

(ဂ) အသက်အနည်းဆုံး (၂၅) နှစ်ဖြစ်ရမည်။

(ဃ) **CEC** အစည်းအဝေးကို ပုံမှန်တက်ရောက်နိုင်သူဖြစ်ရမည်။

(င) **CEC** များသည် ပါတီ၏ ရည်ရွယ်ချက်၊ ခံယူချက်များနှင့် လုပ်ဆောင်ချက်များကိုအကောင်အထည်ဖော်နိုင်ရန် တာဝန်ယူနိုင်သူဖြစ်ရမည်။

(စ) ပါတီ၏ရေးရာအဖွဲ့တာဝန်များကိုတာဝန်ခံနှင့် တွဲဘက်တာဝန်ခံများအဖြစ်ဦးဆောင်တာဝန်ယူနိုင်သူဖြစ်ရမည်။

(ဆ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဇ) ပြည်ထောင်စုစိတ်ဓါတ်ရှိပြီးမတူကွဲပြားသောလူမျိုးစုများနှင့်ချစ်ကြည်ရင်းနှီးစွာပူးပေါင်းလိုသောစိတ်ဓါတ်ရှိသူဖြစ်ရမည်။

(ဈ) ပါတီစည်းရုံးရေးနယ်မြေနှင့်ပါတီဝင်အများအပြားကိုကိုယ်စားပြုသူဖြစ်ရမည်။

(ည) **CEC** အစည်းအဝေးဆုံးဖြတ်ချက်များကို နာခံသူဖြစ်ရမည်။

(ဋ) နိုင်ငံလုံးဆိုင်ရာညီလာခံ၏ ပြန်လည်ရွေးချယ်တင်မြှောက်မှု (ဝါ) **CEC** တာဝန်မှ ရပ်စဲစေမှုကို နာခံနိုင်သူဖြစ်ရမည်။

(ဌ) ပါတီ၏လျှို့ဝှက်ချက်များကို ထိန်းသိမ်းထားနိုင်သူဖြစ်ရမည်။

(ဍ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (သို့မဟုတ်)နိုင်ငံရေးအတွေ့အကြုံရှိသူဖြစ်ရမည်။

## ၅။ နာယကအဖွဲ့ဖြစ်ရန် သတ်မှတ်သောအရည်အချင်းများ

(က) ပါတီဝင်ဖြစ်ရမည်။

(ခ) ဥပဒေ၊နည်းဥပဒေနှင့်အညီပါတီဝင်ဖြစ်ရန်သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်သူဖြစ်ရမည်။

(ဂ) အသက်အနည်းဆုံး (၅၀) နှစ်ဖြစ်ရမည်။

(ဃ) အများပြည်သူကြည်ညိုလေးစားခြင်းခံရသူဖြစ်ရမည်။

(င) အများအကျိုးကိုသယ်ပိုးဆောင်ရွက်ဘူးသူ အမျိုးသားနိုင်ငံရေးကိုစိတ်ဝင်စားသူဖြစ်ရမည်။

(စ) ပါတီတွင်းအမြင်မတူအငြင်းပွါးမှုများကို ကိုင်တွယ်ဖြေရှင်းတတ်သူဖြစ်ရမည်။

(ဆ) ရန်ကုန်တိုင်းဒေသကြီးနှင့် ၎င်း၏အနီးပတ်ဝန်းကျင်တွင် နေထိုင်သူဖြစ်ရမည်။

(ဇ) ပါတီ၏ (၃)လပတ် ၊ (၆) လပတ် နှင့် နှစ်ပတ်လည်အစည်းအဝေးများ ၊ နိုင်ငံလုံးဆိုင်ရာညီလာခံများတွင် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဈ) ရုံဖန်ရံခါ -အစည်းအဝေးများတွင် တက်ရောက်ရန်ဖိတ်ကြားခြင်း ခံရပါကတက်ရောက်နိုင်သူဖြစ်ရမည်။

(ည) CEC များ၏နိုင်ငံရေး၊ လူမှုရေး လုပ်ဆောင်ချက်များတွင် အကြံကောင်း၊ ဉာဏ်ကောင်း များပေးနိုင်သူ ဖြစ်ရမည်။

## ၆။ ဗဟိုဦးစီးကော်မတီ (CC) ဖြစ်ရန် သတ်မှတ်သော အရည်အချင်းများ

(က) ပါတီဝင်ဖြစ်ရမည်။

(ခ) ဥပဒေ၊နည်းဥပဒေနှင့်အညီပါတီဝင်ဖြစ်ရန်သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သူ ဖြစ်ရမည်။

(ဂ) အသက်အနည်းဆုံး (၂၃) နှစ်ဖြစ်ရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တွဲဘက်ပြီး ရေးရာတာဝန်များကို ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ပညာအရည်အချင်းအားဖြင့် အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့်(သို့မဟုတ်) နိုင်ငံရေးအတွေ့ အကြုံရှိသူဖြစ်ရမည်။

(စ) ပါတီ၏ (၃)လပတ်၊ (၆)လပတ်၊ နှစ်ပတ်လည်အစည်းအဝေးများနှင့် နိုင်ငံလုံးဆိုင်ရာ ညီလာခံများကို တက် ရောက်နိုင်သူဖြစ်ရမည်။

(ဆ) ရုံဖန်ရံခါ-ပါတီရေးရာကိစ္စများဆွေးနွေးရန် CEC ကအစည်းအဝေးဖိတ်ကြားလျှင်တက်ရောက်နိုင်ရမည်။

(ဇ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီရှိရေးရာအဖွဲ့ကိစ္စများကိုတစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ဈ) ပါတီစည်းရုံးရေး နယ်မြေ သို့မဟုတ် ပါတီဝင်အများအပြားကို ကိုယ်စားပြုနိုင်သူဖြစ်ရမည်။

(ည) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဋ) CEC အဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များကို နာခံသူ၊ အကောင်အထည်ဖော်ပေးနိုင်သူ ဖြစ်ရမည်။

(ဌ) CEC လစ်လပ်နေရာပေါ်ပေါက်လျှင် CECသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက ဝင်ရောက် အရွေးခံနိုင်ခွင့်ရှိသည်။

၇။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဗဟိုနာယကအဖွဲ့ဝင်နှင့် ဗဟိုဦးစီးကော်မတီဝင် ဖြစ်ရန် သတ်မှတ် သောအရည်အချင်းများကိုနိုင်ငံလုံးဆိုင်ရာပါတီညီလာခံ သို့မဟုတ် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အခါ အားလျော်စွာသတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

## ပါတီဝင်အဆင့်ဆင့်မှ နှုတ်ထွက်ခြင်း

၁။ ပါတီဝင်တစ်ဦးဦးသည် မိမိဆန္ဒသဘောအလျောက်ပါတီတာဝန်အသီးသီးမှ လည်းကောင်း၊ ပါတီဝင်အဖြစ်မှလည်းကောင်းလုပ်ထုံးလုပ်နည်းနှင့်အညီ(မိမိနှင့်ပါတီကြားဆောင်ရွက်ရန်ရှိသည့်ကိစ္စများ ရှင်းလင်းပြီးစီးအောင်ဆောင်ရွက်ပြီး) နှုတ်ထွက်နိုင်သည်။

## ပါတီတာဝန်အဆင့်ဆင့်မှ ရပ်စဲခြင်း

၁။(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဦးသည် ပုံမှန်အစည်းအဝေးများကို ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာပြနိုင်ခြင်းမရှိဘဲ ဆက်တိုက်(၃)ကြိမ်ပျက်ကွက်ပါက ထိုသို့ပျက်ကွက်မှုအား စုံစမ်းစစ်ဆေးပါရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အနည်းဆုံး(၃) ဦးကလက်မှတ်ရေးထိုး တောင်းဆိုလာလျှင် စည်းကမ်းထိန်းသိမ်းရေးရာအဖွဲ့မှတဆင့် လိုအပ်သော စုံစမ်းမှုများပြုလုပ်နိုင်သည်။ ထိုစုံစမ်းစစ်ဆေးချက်များကို အခြေခံ၍ အပြစ်ရှိကြောင်းတွေ့ရှိပါကဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင် အများစု၏ သဘောတူ ဆုံးဖြတ်ချက်ဖြင့် ထို CEC အား တာဝန်မှရပ်စဲနိုင်သည်။

(ခ) ပါတီ၏ဗဟိုနာယကတစ်ဦးဦး(သို့မဟုတ်)ဗဟိုဦးစီးအဖွဲ့ဝင်တစ်ဦးဦးသည် မိမိယူထားသော တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်နိုင်ခြင်းမရှိဟု ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အနည်းဆုံး(၃)ဦးက လက်မှတ်ရေးထိုးတင်ပြလာပါလျှင် စည်းကမ်းထိန်းသိမ်းရေးရာအဖွဲ့မှ တဆင့်လိုအပ်သော စုံစမ်းမှုများကိုပြုလုပ်နိုင်သည်။ထိုစုံစမ်းစစ်ဆေးချက်များကို အခြေခံ၍ ဗဟို အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင် အများစု၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ထိုနာယက(သို့မဟုတ်)ဗဟိုဦးစီးအဖွဲ့ဝင်ကို တာဝန်မှရပ်စဲနိုင်သည်။

(ဂ) ပါတီမှ အရေးယူခြင်းခံရသူပါတီဝင်တစ်ဦးဦးသည် နိုင်ငံလုံးဆိုင်ရာပါတီ ညီလာခံအထိ အဆင့်ဆင့် အယူခံနိုင်ခွင့်ရှိမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဦး၊ဗဟိုဦးစီးကော်မတီဝင်တစ်ဦးဦး၊ပါတီဝင်တစ်ဦးဦးသည် ပါတီမှသတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းတစ်ခုခုကိုဖောက်ဖျက်ကျူးလွန်သည်ဟုစွပ်စွဲခံရပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အနည်းဆုံး(၃)ဦးက လက်မှတ်ရေးထိုးတင်ပြလာပါလျှင် စည်းကမ်းထိန်းသိမ်းရေးရာအဖွဲ့မှ တဆင့်လိုအပ်သော စုံစမ်းမှုများကိုပြုလုပ်နိုင်သည်။ထိုစုံစမ်းစစ်ဆေးချက်များကို အခြေခံ၍ ဗဟို အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် အများစု၏ သဘောတူဆုံးဖြတ်ချက်ဖြင့် တာဝန်အသီးသီးမှရပ်စဲနိုင်သည်။

# အခန်း (၆)

## ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ၏ လုပ်ငန်းစဉ်များ

ဒီမိုကရေစီနှင့်လူ့အခွင့်ရေးပါတီ၏ ရှေ့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ပညာရေးကဏ္ဍ

(က) ပြည်သူတိုင်း အရည်အသွေးပြည့်ဝသော ပညာသင်ယူခွင့် ရှိရမည်။

(ခ) မသင်မနေရမူလတန်း ပညာရေးကို ကလေးတိုင်းအခမဲ့သင်ယူခွင့် ရရှိရေးအတွက်ကြိုးပမ်းမည်။

(ဂ) အလယ်တန်း၊အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်း ပညာအရပ်ရပ်ဆိုင်ရာကျောင်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ အထူးသဖြင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများ၊ ပညာရေးလိုအပ်ချက်များပြားသောဒေသများ၊ ဆင်းရဲနွမ်းပါးသောဒေသများတွင် တိုးချဲ့ဖွင့် လှစ်နိုင်ရန် ကြိုးပမ်းမည်။

(ဃ) မြန်မာဘာသာစကားအခက်အခဲရှိသော တိုင်းရင်းသားမျိုးနွယ် ကလေးများအတွက် အထောက်အကူပြုစေမည့် ပညာရေးလုပ်ငန်းစဉ်များ အတွက်ကြိုးပမ်းမည်။

(င) ပုံမှန်ကျောင်းပညာသင်ယူရန် အခက်အခဲရှိသည့် အရွယ်ရောက်ပြီးကလေးသူငယ်များ အတွက်ကျောင်းပြင်ပ ပညာရေးအထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်မည်။

(စ) အဆင့်မြင့်ပညာသင်ယူခွင့် ရှိသူတိုင်း အခက်အခဲမရှိဘဲ ပညာဆက်လက်သင်ယူနိုင်ရေး အတွက်အခွင့်အလမ်းများဖန်တီးပေးမည်၊ ဆရာ၊ဆရာမများနှင့် အခြားပညာရေးဝန်ထမ်းများအရည်အသွေးပြည့်မီတိုးတက်စေရန် မွမ်းမံသင်တန်းများ၊ပညာရေးသုတေသနလုပ်ငန်းများကို အားပေးကူညီမည်။

(ဆ) မူလတန်း၊အလယ်တန်း၊အထက်တန်းပညာရေး လုပ်ငန်းများအပြင် ပုဂ္ဂလိကပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ ခေတ်နှင့်အညီ၊ အရည်အသွေးပြည့်မီအောင် ကြီးကြပ်မည့် လုပ်ငန်းကို စနစ်တကျချမှတ်နိုင်ရန် ကြိုးပမ်းမည်။

(ဇ) မူကြို (ရှေ့ဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး)ပညာရေး အားကောင်းလာရေးအတွက် ကြိုးပမ်းမည်။

၂။ကျန်းမာရေးကဏ္ဍ

(က) ပြည်သူအတွက် အဓိကလိုအပ်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှု ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်။ HIV/AIDS၊ အသားဝါ B ပိုး/ C ပိုး ၊ ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါ၊ ဆီးချို/သွေးချိုရောဂါတို့၏ ဖြစ်ပွါးနှုန်းများကိုလျှော့ချရန်နှင့်လိုအပ်သောဆေးဝါးများ မပြတ်တောက်စေရန်ကြိုးပမ်းမည်။

(ခ) ပြည်သူတိုင်း လက်လှမ်းမီနိုင်သည့် ခိုင်မာပြီးအရည်အသွေးရှိသော ကျန်းမာရေး ဝန်ဆောင်မှုစနစ်ဖြစ်စေရန်ဆောင်ရွက်မည်။အစိုးရဆေးရုံ၊ဆေးပေးခန်းများနှင့် ကျေးလက်နှင့်ဒေသန္တရကျန်းမာရေးဌာနတွင်

အရည်အသွေးရှိသောဆေးကုသမှုများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ရှိပုဂ္ဂိုလ်များနှင့် လက်တွဲ၍ ဆောင်ရွက်မည်။ကျေးလက်ဒေသများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အထူးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဂ) ဆေးပညာရပ်များ၊ဆေးကုသနည်းများ၊ဆေးဝါးထုတ်လုပ်နည်းများ တိုင်းရင်းဆေးဖွံ့ဖြိုး တိုးတက်ရေးတို့ကို ခေတ်မီတိုးတက်လာစေရန် နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်း၍သုတေသနလုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အားပေးမည်။

(ဃ) ချို့တဲ့သောပြည်သူများအတွက် ကျန်းမာရေးအာမခံချက်ရှိသောစီမံကိန်းများကို လက်ရှိလူမှုဖူလုံရေး နှင့် ပူးပေါင်း၍လည်းကောင်း၊သီးသန့်အားဖြင့်လည်းကောင်း ထူထောင်ရန်အားပေးမည်။

(င) ကျန်းမာရေးဆိုင်ရာ စာရင်းဇယား၊သတင်းအချက်အလက် စုဆောင်းပြုစုရေးနှင့်ယင်းအချက်အလက်များ အပေါ် အခြေခံသည့် ကျန်းမာရေးစီမံခန့်ခွဲမှု စနစ် ပေါ်ပေါက်လာစေရန်ဆောင်ရွက်မည်။

(စ) ပုဂ္ဂလိက ဆေးရုံဆေးခန်းများကို ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိရန် ကြိုးပမ်းဆောင်ရွက်မည်။

၃။<u>စီးပွားရေးကဏ္ဍ</u>

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ထွန်းလာစေရေးနှင့် လွတ်လပ်မှု၊တည်ငြိမ်မှုနှင့် လူမှုရေးတရားမျှတမှုတို့ ဟန်ချက်ညီရန် ဥပဒေစိုးမိုးမှု ရရှိရေးကိုချမှတ်ဆောင်ရွက်မည်။

(ခ) ရေတိုရေရှည်အကျိုးအမြတ်ရှိမည့် စီးပွားရေးလုပ်ငန်းများကို သဘာဝ ပတ်ဝန်းကျင်၊လူမှုဘဝသိက္ခာနှင့် သဟဇာတဖြစ်အောင် ဆောင်ရွက်မည်။

(ဂ) လူမျိုးစုအားလုံးတန်းတူညီမျှ အလုပ်လုပ်နိုင်ရေးအခွင့်အလမ်းများ ရရှိစေပြီးဆင်းရဲ နွမ်းပါးမှုပပျောက်ရေးနှင့် ဒေသအလိုက်လူမျိုးစုများအကြား တည်ရှိနေသည့် လူမှုစီးပွားရေးမညီမျှမှုများလျှော့နည်းစေရေးအတွက် ကြိုးပမ်းမည်။

(ဃ) တာဝန်သိသော၊နည်းပညာမြင့်မားသောနိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်မည်။

(င) ပြည်တွင်းပြည်ပပုဂ္ဂလိက ကဏ္ဍမှ ပညာရေးနှင့်ကျန်းမာရေးလုပ်ငန်းများတွင် ဝင်ရောက် ရင်းနှီးမြှုပ်နှံစေရန် ဆွဲဆောင်မည်။

(စ) အမြတ်အစွန်းအဓိကမထားသော လူမှုစီးပွားရေးလုပ်ငန်းများ၊ သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများပေါ်ထွန်း လာရေးအားပေးမည်။ အခွန်သက်သာခွင့်ပေးနိုင်ရန် ကြိုးစားမည်။

(ဆ) စီးပွားရေးလုပ်ငန်းများအားလုံးဖွံ့ဖြိုးရေးအတွက်နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့၊နိုင်ငံတကာဘဏ္ဍာရေး ကော်မရှင်၊ကမ္ဘာ့ဘဏ်တို့နှင့်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မည်။

၄။<u>တောင်သူလယ်သမားကဏ္ဍ</u>

(က) တောင်သူလယ်သမားများသည် ဥပဒေနှင့်အညီ လယ်ယာမြေပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့် နှင့် ဆက်ခံပိုင် ခွင့်ရှိစေရမည်။

(ခ) မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီတိုးတက်သော စက်မှုလယ်ယာစနစ်သို့ ဆင့်ကဲဆင့်ကဲပြောင်းလဲလာအောင်

ဆောင်ရွက်မည်။

(ဂ) ဆန်စပါးအပါအဝင် လယ်ယာထွက်သီးနှံများ၏ ဈေးနှုန်းကို ဈေးကွက်နှင့် အညီလွတ်လပ်စွာစိုက်ပျိုး ကြိတ်ခွဲရောင်းဝယ်ခွင့်ရရှိရန်ဆောင်ရွက်မည်။

(ဃ) မြေလွတ်မြေရိုင်းများကိုဖော်ထုတ်၍မြေမဲ့ယာမဲ့လယ်လုပ်သား နှင့် မူလလုပ်ကိုင်ခွင့်ရတောင်သူ လယ်သမားများအားတရားဝင်လုပ်ကိုင်ခွင့် ရရှိအောင်ကြိုးစားမည်။

(င) တောင်သူလယ်သမားများ၏လယ်ယာလုပ်ငန်းကဏ္ဍနှင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်ပျက်စီး စေမည့်လုပ်ငန်းကိစ္စရပ်များကို လေ့လာစီစစ်၍စနစ်တကျကာကွယ် ထိန်းသိမ်း စောင့်ရှောက်သွား မည်။

(စ) စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနှင့် အရည်အသွေးကောင်း လယ်ယာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့်ပူး ပေါင်း၍ တောင်သူလယ်သမား အကျိုးဖြစ်ထွန်းစေရန်ကြိုးပမ်းမည်။

(ဆ) တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များပြဿနာ အရေးကိစ္စများ အား လွတ်လပ်စွာဆောင်ရွက်နိုင်ရန် တောင်သူလယ်သမားအဖွဲ့များဖွဲ့စည်းခွင့်ကိုအားပေးမည်။

၅။<u>အလုပ်သမားကဏ္ဍ</u>

(က) အလုပ်သမားတိုင်းသည် ထိုက်တန်သော လုပ်ခလစာရရှိရေး အလုပ်လက်မဲ့ဖြစ်ခြင်းမှ ကာကွယ် ရေးအတွက် ကြိုးပမ်းမည်။

(ခ) လူမျိုး၊ ဘာသာ၊ နေရာဒေသ၊ ကျား/မ ခွဲခြားခြင်းမခံရဘဲ တူညီသောအလုပ်အတွက် တူညီသော အခကြေးငွေရရှိရေးကြိုးပမ်းမည်။

(ဂ) အလုပ်သမားတိုင်းမိမိအကျိုး ခံစားခွင့်ကို ကာကွယ်ရန်အလုပ်သမားအဖွဲ့၊အစည်းအရုံး များဖွဲ့စည်း ခွင့်နှင့်ပါဝင်ဆောင်ရွက်ခွင့်ရှိအောင်ကြိုးပမ်းမည်။

(ဃ) အဓမ္မ အလုပ်စေခိုင်းခြင်း၊ လုပ်ငန်းခွင်တွင်နှိပ်စက်ညှင်းပန်းခြင်းကို တားဆီးနိုင်ရန် ကြိုးပမ်းမည်။

(င) အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ် စေရန်အတွက် ကြိုးပမ်းမည်။

၆။<u>ကျောင်းသားလူငယ်ကဏ္ဍ</u>

(က) လူငယ်များသည် တိုင်းပြည်၏ အဖိုးတန်ဆုံးအင်အားတစ်ရပ်ဖြစ်သည့် အားလျော်စွာ နိုင်ငံ၏ အနာဂတ်အတွက် လူငယ်များ၏စွမ်းရည်ဖော်ထုတ်ရေးကို ဦးစားပေးမည်။

(ခ) ကျောင်းသားများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ကျောင်းသားသမဂ္ဂများကို ဥပဒေနှင့် အညီ ဖွဲ့စည်းခွင့်ပြုနိုင်ရေးကို အားပေးမည်။

၇။<u>ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ</u>

(က) ကုန်ဈေးနှုန်းများကျဆင်းစေရန် ကုန်စည်စီးဆင်းမှုလျင်မြန် ချောမွေ့ရေးအတွက်ပို့ဆောင်ရေးကဏ္ဍက အတတ်နိုင်ဆုံးပြုပြင်တိုးချဲ့နိုင်အောင်ကြိုးစားမည်။

(ခ) နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးတိုးတက်မှုနောက်ကျနေသော ဒေသများဖွံ့ဖြိုးအောင်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြုပြင်တိုးချဲ့သွားမည်။တိုင်းရင်းသားနယ်မြေများ၊ ဝေးလံခေါင်သီသောနယ်စပ်ဒေသများကို အထူးအလေးထားဆောင်ရွက်မည်။

၈။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ

(က) ရေရှည်ထိန်းနိုင်မည့်သစ်ထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်စောင့်ရှောက်ရေး၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် မီးသွေးဖုတ်ခြင်းကို တားဆီးရေး၊ သစ်တောပြန်းတီးမှုရပ်တန့်စေရေးနှင့် သစ်တောများပြန်လည် စိုက်ပျိုးရေးတို့ကိုအကောင်အထည်ဖော်နိုင်ရန်ကြိုးစားမည်။

(ခ) မြေဆီလွှာထိန်းသိမ်းရေး၊ မြစ်ချောင်းအင်းအိုင်များ တိမ်ကောခန်းခြောက်ခြင်းမှကာကွယ်ရေး၊ သဲကန္တာရဖြစ်လာခြင်းမှ ရပ်တန့်ရေး၊ ဆားနှင့်အက်စစ်မြေ ဖြစ်ခြင်းတို့မှတားဆီးရေးတို့အတွက်ဗဟိုမှ အောက်ခြေထိအဆင့်ဆင့်ပါဝင်ဆောင်ရွက်စေရန် လှုံ့ဆော်ကြိုးပမ်းသွားမည်။

(ဂ) သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် လူဦးရေထူထပ်မှုကြောင့် ဖြစ်ပေါ်လာမည့်သောက်သုံးရေ၊ စိုက်ပျိုးရေရှားပါးမှုပြဿနာဖြေရှင်းနိုင်ရန်ကြိုးပမ်းမည်။

(ဃ) မျိုးတုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် ဇီဝမျိုးစိတ်များကာကွယ်ရေးကို နိုင်ငံတကာကျွမ်းကျင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(င) တောရိုင်းတိရိစ္ဆာန်များ တရားမဝင်တင်ပို့ရောင်းချနေခြင်းများကို ထိရောက်စွာတားဆီး ဆောင်ရွက်မည်။

(စ) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရာတွင် တန်ဘိုးမြင့်ကုန်ချောအဖြစ်တင်ပို့နိုင်ရန် အားပေးသွားမည်။

၉။တရားရေးကဏ္ဍ

(က) တရားစီရင်ရေးမဏ္ဍိုင်သည် ဒီမိုကရေစီသဘောတရားနှင့်ကိုက်ညီ၍ဥပဒေပြုမဏ္ဍိုင်၊အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် တူညီသောအဆင့်အတန်းဖြင့် လွတ်လပ်စွာ ရပ်တည်စေရမည်။

(ခ) တရားသူကြီးများသည် ဥပဒေပြဋ္ဌာန်းချက်များကိုသာ လိုက်နာကျင့်သုံး၍ လွတ်လပ်စွာတရားစီရင်ခွင့်ရှိစေမည်။

(ဂ) အုပ်ချုပ်ရေး မဏ္ဍိုင်သည် မည်သည့်အထူးရုံးကိုမျှ ဖွဲ့စည်းခြင်းမပြုရ။ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်သက်ဆိုင်သည့်မည်သည့်အဖွဲ့အစည်းကိုမျှ တရားစီရင်ခွင့်အာဏာ မအပ်နှင်းရ။

(ဃ) တရားရုံးအဆင့်ဆင့်၏တရားစီရင်ရေးနှင့်တကွစီရင်ချက်များကိုအများပြည်သူတို့၏ရှေ့မှောက်တွင်ပွင့်လင်းမြင်သာစွာဆောင်ရွက်ရမည်။

(င) ပြစ်မှုများတွင် စွပ်စွဲခံရသူများအား ဥပဒေနှင့်အညီ ခုခံချေပခွင့်အပြည့်အဝပေးရမည်။ အယူခံပိုင်ခွင့်ရှိရမည်။မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေများနောက်ကြောင်းပြန်၍အာဏာသက်ရောက်မှုမရှိစေရ။

(စ) ဥပဒေအရပြစ်မှုထင်ရှားစီရင်ခြင်းမရှိသေးသမျှ မည်သူ့ကိုမဆို အပြစ်ကင်းသည်ဟုမှတ်ယူရမည်။

(ဆ) လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် စစ်ဆေးမှု၊အပြစ်ပေးမှုပြစ်ဒဏ်ခံစားစေမှုများမပြုလုပ်ရ။

(ဇ) ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အပြစ်ပေးအရေးယူရာတွင် ပြစ်မှုကျူးလွန်သူနှင့်ပတ်သက်သောမိသားစုဆွေမျိုး၊ လူမျိုးစု၊ ကိုးကွယ်သည့် ဘာသာသာသနာအပေါ် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေသက်ရောက်မှုမရှိစေရ။

၁၀။ <u>အုပ်ချုပ်ရေးကဏ္ဍ</u>

(က) တရားဥပဒေစိုးမိုးသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသော၊အကျင့်ပျက်မှုကင်းသော၊ လူမျိုး/ဘာသာဒေသစွဲကင်းသော၊ ဒီမိုကရေစီကျသော၊မျှတမှုရှိသော၊ တစ်မျိုးသားလုံးပါဝင်နိုင်သော၊ အုပ်ချုပ်ရေးယန္တရား တည်ဆောက်နိုင်ရန်ဆောင်ရွက်မည်။

(ခ) ဒီမိုကရေစီနှင့်လူ့အခွင့်အရေးစံနှုန်းစံထားတို့နှင့်မကိုက်ညီသော ဥပဒေတွင်ရှုပ်ထွေးပွေလီမှုဖြစ်စေသော အုပ်ချုပ်မှုယန္တရားမဖြစ်ပေါ်စေရန်ကြိုးစားတည်ဆောက်မည်။

၁၁။ <u>နိုင်ငံခြားရေးကဏ္ဍ</u>

(က) နိုင်ငံတကာနှင့်ဆက်ဆံရာတွင်တက်ကြွပြီးလွတ်လပ်၍ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးမည်။

(ခ) နိုင်ငံအချင်းချင်းကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြမည်။ အထူးသဖြင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၊စီမံကိန်းများတွင်ဒေသအကျိုးကိုဦးတည်၍ လက်တွဲဆောင်ရွက်မည်။

(ဂ) ကမ္ဘာ့ကုလသမဂ္ဂ ၊ ကမ္ဘာ့ဘဏ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ရင်းနှီးခိုင်မာစွာဆက်ဆံမည်။

(ဃ) နိုင်ငံတကာနှင့်ဆက်ဆံရာတွင်လူထုအခြေပြုအဖွဲ့အစည်းများ၏ကဏ္ဍကို အထူးအလေးပေးဆောင်ရွက်သွားမည်။

၁၂။ <u>တိုင်းရင်းသားလူမျိုးများကဏ္ဍ</u>

(က) တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူရည်တူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ချစ်ကြည်ရင်းနှီးခြင်း၊တစ်ဦး၏အယူအဆ ယဉ်ကျေးမှု ထုံးဓလေ့များကိုတစ်ဦးကလေးစားခြင်း၊အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိအောင်အားထုတ်မည်။

(ခ) တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးထမ်းစဉ်လာများ ဖွံ့ဖြိုးတိုးတက်ရန်အားထုတ်မည်။

(ဂ) တိုင်းရင်းသားများအချင်းချင်း အမြင်ချင်းဖလှယ်ခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင်ပူးပေါင်းခြင်းဖြင့် တိုင်းရင်းသားများအတွင်း ယုံကြည်ချစ်ကြည်မှုရအောင်ကြိုးပမ်းအားထုတ်မည်။

(ဃ) တိုင်းရင်းသားနယ်မြေအသီးသီးတွင် စီးပွားရေးအခြေခံ အဆောက်အဦးများ တည်ဆောက်ခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊ ဆင်းရဲမှုပပျောက်ရေး၊ တိုင်းရင်းသားများ၏ လူ့စွမ်းအား အရင်းအမြစ်များမြှင့်တင်ခြင်းဖြင့် အကျိုးပြုနိုင်ရန်ကြိုးစားမည်။

(င) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခြေခံအခွင့်အရေးများ ပြည့်ဝစွာခံစားခွင့်ရရေး၊တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေး ကြိုးပမ်းမည်။

(စ) တိုင်းရင်းသားလူမျိုးများ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်လေးနက်သောနိုင်ငံရေး ဖြေရှင်းမှုတရပ်ရရှိလာအောင် ကြိုးပမ်းမည်။

(ဆ) တိုင်းရင်းသားလူမျိုးများကို ၎င်းတို့၏ မူလပကတိအတိုင်းတည်ရှိသော ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးထမ်းစဉ်လာများ၊ ကိုးကွယ်သည့်ဘာသာ၊ နေထိုင်သည့်နေရာဒေသအတိုင်း စိတ်ချယုံကြည်စွာ တည်ရှိနိုင်စေရန် ကြိုးပမ်းမည်။

(ဇ) တိုင်းရင်းသားလူမျိုးများ၏တိမ်ကောနေသော သမိုင်းမှန်နှင့်ယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ထုတ်၍ မြန်မာပြည်သူတစ်ရပ်လုံး သိရှိနိုင်စေရန်ကြိုးပမ်းအားထုတ်မည်။

(ဈ) မည်သည့်တိုင်းရင်းသားလူမျိုးကိုမဆို ကွဲပြားခြားနားသောဘာသာရေး၊ ယဉ်ကျေးမှုထုံးထမ်းစဉ်လာများကိုအခြေခံ၍ အခြေခံအခွင့်အရေးများ ပိတ်ပင်ခြင်းမပြုနိုင်အောင်အားထုတ်မည်။

(ည) မည်သည့်တိုင်းရင်းသားလူမျိုးကိုမဆို နိုင်ငံရေးသမားများ၏သားကောင်(Political Victim) အဖြစ်ရောက်စေခြင်း၊ အခွင့်အရေးများပိတ်ဆို့တားဆီးခြင်းမျိုး မဖြစ်စေရန်ကြိုးပမ်းအားထုတ်မည်။

၁၃။ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ

(က) တပ်မတော်သည်နိုင်ငံတွင်းမရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာခေတ်မီ ထက်မြက်သော နည်းပညာပိုင်းဆိုင်ရာတိုးတက်သော အဆင့်အတန်းမြင့်မားသောတပ်မတော်ကြီး ဖြစ်ရန်အားပေးကူညီမည်။

(ခ) ပြည်သူချစ်သော၊ ပြည်သူ၏ယုံကြည်ကိုးစားမှု ခံထိုက်သောတပ်မတော်ကြီး ဖြစ်စေရန် အားပေး ကူညီမည်။

(ဂ) ရဲတပ်ဖွဲ့သည်တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ခြင်း၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ မိမိ၏တာဝန်များကို ကျေပွန်ဆောင်ရွက်ခြင်းဖြင့်ပြည်သူ အားကိုးအားထားသော ရဲတပ်ဖွဲ့ဖြစ်လာရန် အားပေးကူညီမည်။

---

## အခန်း (၇)

## ပါတီ၏ အခြေခံစည်းမျဉ်းကိုပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်းနှင့်ပယ်ဖျက်ခြင်း

၁။ ဤဖွဲ့စည်းပုံပါနိုင်ငံရေးသဘောထားနှင့် လုပ်ငန်းစဉ်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်လိုလျှင် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံတွင် ဗဟိုဦးစီးကော်မတီဝင် ၆၅ ရာခိုင်နှုန်း၏ဆန္ဒမဲဖြင့် ပြုလုပ်နိုင်သည်။

၂။ အရေးကြီးသောအခြေအနေ၊ အကြောင်းအရာပေါ်ပေါက်လာပါက ဗဟိုအလုပ် အမှုဆောင် ကော်မတီဝင် ၆၅ ရာခိုင်နှုန်း၏ ဆန္ဒမဲဖြင့် နိုင်ငံရေးသဘောထားနှင့်လုပ်ငန်းစဉ်များကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းတို့ ပြုလုပ်နိုင်သည်။

၃။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်ခြင်းကို အနီးစပ်ဆုံးပါတီညီလာခံ တွင်တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၄။ ပြင်ဆင်ခြင်း၊ပယ်ဖျက်ခြင်း၊ဖြည့်စွက်ခြင်းပြုလိုသော အချက်များသည်ပါတီ၏မူလဒီမိုကရေစီဦးတည်ချက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဦးတည်ချက်နှင့် အများပြည်သူ၏ လူ့အခွင့်အရေး ဦးတည်ချက်များကို မထိခိုက်စေရ။

---

## အခန်း (၈)

## နိုင်ငံလုံးဆိုင်ရာညီလာခံနှင့်အစည်းအဝေးများ

### ၁။ နိုင်ငံလုံးဆိုင်ရာညီလာခံ

(က) နိုင်ငံလုံးဆိုင်ရာညီလာခံကို (၂)နှစ်လျှင် တစ်ကြိမ်ကျင်းပရမည်။

(ခ) နိုင်ငံလုံးဆိုင်ရာညီလာခံကို ဗဟိုဦးစီးကော်မတီဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားလှယ် အနည်းဆုံးတစ်ဦးစီ၊ခရိုင်ကိုယ်စားလှယ် အနည်းဆုံးတစ်ဦးစီ၊ မြို့နယ် ကိုယ်စားလှယ်အနည်းဆုံးတစ်ဦးစီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဗဟိုနာယကအဖွဲ့ဝင်များပါဝင်လျက် ကျင်းပရမည်။

(ဂ) ညီလာခံကို ဗဟိုအလုပ်အမှုဆောင်ကော်မတီကတာဝန်ယူ၍ ခေါ်ယူကျင်းပပေးရမည်။

(ဃ) ညီလာခံကို ပါတီဌာနချုပ်တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပရမည်။ အခက်အခဲရှိလျှင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် နေရာကိုပြောင်းရွှေ့သတ်မှတ်နိုင်သည်။

(င) ညီလာခံအတွက် အနည်းဆုံး တစ်လကြိုတင်၍ ဖိတ်ကြားရမည်။

(စ) ညီလာခံတွင်ပါတီ၏ အခြေအနေအရပ်ရပ်နှင့် ညီလာခံကိုယ်စားလှယ်များက သိလိုသောအချက်အလက်များကို သိစေရမည်။

(ဆ) ညီလာခံတွင် နှစ်ပတ်လည်ဘဏ္ဍာရေးရှင်းတမ်းကို တင်ပြပြီးအတည်ပြုချက် ရယူရမည်။

(ဇ) ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးတင်ပြချက်များကို မှတ်တမ်းတင်ပြီး လိုအပ်ချက်များ အကောင်အထည်ဖော်နိုင်ရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီက ချမှတ်စီစဉ်ရမည်။

(ဈ) နိုင်ငံလုံးဆိုင်ရာ ညီလာခံတွင် ရှိပြီးသား ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလုံးနုတ်ထွက်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့သစ်ကို တစ်ဆက်တည်း ပြန်လည်ရွေးချယ် တင်မြှောက်ရမည်။ ထိုသို့ရွေးချယ်ရာတွင် နုတ်ထွက်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ပြန်လည်ရွေးချယ်ခံနိုင်ခွင့်ရှိမည်။

(ည) အရေးပေါ်ညီလာခံကို ကျင်းပလိုပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များတစ်ဝက်ကျော်၏ ဆုံးဖြတ်ချက်ဖြင့် ပါတီဥက္ကဋ္ဌမှ ဦးဆောင်၍ ခေါ်ယူကျင်းပပေးရမည်။

## ၂။ အစည်းအဝေးများ

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကိုအနည်းဆုံးတစ်လတစ်ကြိမ် ကျင်းပရမည်။

(ခ) လိုအပ်ပါက အရေးပေါ်အစည်းအဝေးများကို ဥက္ကဋ္ဌ (သို့) အထွေထွေအတွင်းရေးမှူးက ခေါ်ယူကျင်းပနိုင်သည်။

(ဂ) သုံးလပတ်အစည်းအဝေးများ၊ ခြောက်လပတ် အစည်းအဝေးများကို အလုပ်အမှုဆောင် ကော်မတီက ကျင်းပပေးရမည်။

(ဃ) အစည်းအဝေးများကို ပါတီရုံးများတွင် ကျင်းပရမည်။

(င) အစည်းအဝေးတွင် ဥက္ကဋ္ဌ(သို့)ဒုဥက္ကဋ္ဌတစ်ဦးဦးကသဘာပတိအဖြစ်ဆောင်ရွက်ရပြီး အခမ်းအနားမှူးအဖြစ်အထွေထွေအတွင်းရေးမှူး(သို့)အတွင်းရေးမှူးတစ်ဦးဦးက ဆောင်ရွက်ရမည်။

(စ) အစည်းအဝေးမှတ်တမ်းများကို သက်ဆိုင်သူများလက်မှတ်ထိုးလျက် စနစ်ကျသိမ်းဆည်းထားရမည်။

(ဆ) အစည်းအဝေးမှတ်တမ်းများနှင့် ပါတီ၏အရေးကြီးသော စာရွက်စာတမ်းများကိုပါတီရုံးခန်းတွင် အမှုတွဲထိန်းဖြင့်ထိန်းသိမ်းရမည်။

(ဇ) အများသူငှာသိသင့်သိထိုက်သော အစည်းအဝေးဆုံးဖြတ်ချက်များ ပါတီရုံးကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။

(ဈ) အစည်းအဝေးတွင် ဆွေးနွေးကြရာ၌ တင်ပြလာသောလိုအပ်ချက်များကိုဗဟိုအလုပ်အမှုဆောင်ကော်မတီက မူဘောင်အတွင်းမှ အကောင်အထည်ဖော်ပေးရမည်။

(ည) ပုံမှန်အစည်းအဝေးများကို အနည်းဆုံးသုံးရက် အရေးပေါ် အစည်းအဝေးကို အနည်းဆုံးတစ်ရက်၊ သုံးလပတ်နှင့် ခြောက်လပတ်အစည်းအဝေးများကို အနည်းဆုံး တစ်ဆယ့်ငါးရက်ကြိုတင် အကြောင်းကြား၍ ဖိတ်ကြားရမည်။

(ဋ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးအထမြောက်ရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အနည်းဆုံး တစ်ဝက်ကျော်တက်ရောက်ရမည်။

---

# အခန်း (၉)

## အထွေထွေ

၁။ ပါတီစည်းမျဉ်းစည်းကမ်းနှင့် သက်ဆိုင်သောလုပ်ထုံးလုပ်နည်းများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရေးဆွဲပြဋ္ဌာန်းနိုင်သည်။

၂။ ပါတီဖွဲ့စည်းပုံအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရေးဆွဲပြဋ္ဌာန်းနိုင်သည်။

၃။ ဗဟိုရေးရာအဖွဲ့ အသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီကရေးဆွဲပြဋ္ဌာန်းနိုင်သည်။

၄။ ပါတီ၏ ရန်ပုံငွေရရှိရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ နည်းဥပဒေများနှင့်အညီ ရှာဖွေနိုင်သည်။

၅။ ဆုံးဖြတ်ပြီးသော ပါတီ၏ကိစ္စရပ်များအတွက် ပါတီရန်ပုံငွေမှ ကျခံရမည်။ မဆုံးဖြတ်ရသေးသော ကိစ္စရပ်များအတွက်တစ်ဦး တစ်ယောက်ကစိုက်ထုတ်ပေးထားလျှင် အလုပ်အမှုဆောင်ကော်မတီ၏ နောင်အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူပြီး ပါတီရန်ပုံငွေမှထုတ်ယူနိုင်သည်။

၆။ ပါတီ၏ ရည်ရွယ်ချက်၊ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များတွင် တူညီသောပါတီ အဖွဲ့အစည်းများနှင့် မဟာမိတ်ပြုပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်နိုင်သည်။

၇။ ရွေးကောက်ပွဲကာလအတွက် အောင်နိုင်ရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နိုင်သည်။

၈။ ရွေးကောက်ပွဲစည်းရုံးရေးတွင် မဟာမိတ်ပါတီများနှင့်အတူ စည်းရုံးရေးပြုလုပ်နိုင်သည်။

၉။ ပါတီကိုယ်စား ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည့် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ အတွက် အရည်အချင်းနှင့်စပ်လျဉ်း၍ဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီလိုအပ်သောစည်းမျဉ်းစည်းကမ်းများကိုဗဟိုအလုပ်အမှုဆောင်ကော်မတီ မှ သီးသန့်ပြဋ္ဌာန်းရမည်။

၁၀။ ပါတီ၏ ငွေစာရင်းနှင့်အခြားစာရင်းဇယားများကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ/နည်းဥပဒေများနှင့်အညီ စနစ်တကျပြုစုထားရပါမည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ စည်းရုံးရေးမှူးများက တာဝန်ယူ၍ ပြုစုထားရမည်။

၁၁။ ရွေးကောက်ပွဲစရိတ်ကို ပါတီ (သို့မဟုတ်) ကိုယ်စားလှယ်လောင်းများမှ ကျခံသုံးစွဲစေရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီကဆုံးဖြတ်ပေးနိုင်သည်။